# ဘုရားကုန်းကျေးရွာ
# ဟသ်ာတမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း
# (၂၀၁၈-၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ဘုရားကုန်းကျေးရွာ၊ဟသ်ာတမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှကူညီရေးဆွဲသည်)

၂၀၁၈ခုနှစ်၊ ဩဂုတ်လ ရက်

# မာတိကာ


မာတိကာ ၁
စကားချီး ၆-၇
ဘုရားကုန်းကျေးရွာအရင်းအမြစ်ပြမြေပုံ၊ဟသ်ာတမြို့နယ် ၈
ဘုရားကုန်း ကျေးရွာရာသီခွင်ပြ ပြက္ခဒိန် ၉
ဘုရားကုန်းကျေးရွာ အဖွဲ့အစည်းပြမြေပုံ ၁၀

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်**

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု
(၁.၁) ရည်ရွယ်ချက် ၁၁
(၁.၂) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု ၁၂
(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၂-၁၃
(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား ၁၃
(ခ) သဘာဝအရင်းအမြစ်များ ၁၃
(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၃
(က) လူဦးရေဆိုင်ရာ အချက်လက်များ ၁၃
(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု ၁၃
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု ၁၄
(ဃ) ကျန်းမာရေးနှင့် အာဟာရ ၁၄
(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ ၁၄
(စ) ကျားမဆိုင်ရာဆက်နွယ်မှု ၁၄-၁၅
(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၅
(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု ၁၅
(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ ၁၅
(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ၁၆
(ဃ) သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု ၁၆
(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု ၁၆
(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး ၁၆-၁၇
(ဆ) လူငယ်နှင့် ယဉ်ကျေးမှု ၁၇
(ဇ) အခြေခံအဆောက်အဦ - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး ၁၇
(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး ၁၇
(၅) ဖွံ့ဖြိုးရေးအတွက်ကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ ၁၈

(က) ဖွံ့ဖြိုးရေးအတွက်အထောက်အပံ့ဖြစ်စေမည့်အခြေအနေများ ၁၈
(ခ) အဟန့်အတားနှင့်စိန်ခေါ်မှု ၁၈-၁၉
(၆) ပန်းတိုင်နှင့်မဟာဗျူဟာ ၁၉-၂၀
(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြား
အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၂၀
(၈) စီမံကိန်း၊စီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်မှုအချိန်ကာလ ၂၀
(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ၂၁
(ခ) ကဏ္ဍ နှင့်ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်ကိုအုပ်စုခွဲခြားခြင်း ၂၁
(ဂ) ဦးစားပေး စီမံချက်များ ၂၁-၂၃
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ ၂၄
(၉) ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ် ၂၅
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့်
အစီအစဉ်များ ၂၆
(၁၀-၁)ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ ၂၆
(၁၀-၂)ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်း ၂၆
(၁၀-၃)ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ ၂၆
(၁၀-၄)ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်
အတွက်အဖွဲ့အစည်းဆိုင်ရာအစီအစဉ်များနှင့်ငွေကြေးဆိုင်ရာ
အစီအမံများ ၂၇
(၁၁) စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၂၇
(၁၁-၁)ကြီးကြပ်စစ်ဆေးခြင်း ၂၇
(၁၁-၂)နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ ၂၈-၂၉

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ ၃၀**
(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ ၃၀
ဇယား ၂ လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား ၃၁-၃၄
ဇယား ၃ လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံး
လုပ်အားခနှုန်းထား ၃၄-၃၅
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု ၃၅-

| | | | |
|---|---|---|---|
| | ဇယား ၅ | ဓာတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ | ၃၅-၃၆ |
| | ဇယား ၆ | ဥစ္စာဓနအဆင့်အခြေအနေ | ၃၇ |
| | ဇယား ၇ | ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ | ၃၈ |
| | ဇယား ၈ | ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ | ၃၉ |
| | ဇယား ၉ | ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ | ၃၉-၄၀ |
| | ဇယား ၁၀ | ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ | ၄၀-၄၁ |
| (၂) | ကျေးရွာ၏လက်ရှိ ဖွံ့ဖြိုးရေးအခြေအနေ | | ၄၂ |
| | ဇယား ၁၁ | ကျေးရွာတွင်းရှိလူထုအခြေပြု အဖွဲ့အစည်းများ | ၄၂-၄၃ |
| | ဇယား ၁၂ | ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ | ၄၃ |
| | ဇယား ၁၃ | ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု | ၄၄ |
| | ဇယား ၁၄ | ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ | ၄၄-၄၅ |
| | ဇယား ၁၅ | အဓိကသီးနှံများနှင့် အထွက်နှုန်း | ၄၅-၄၆ |
| | ဇယား ၁၆ | ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု | ၄၆ |
| | ဇယား ၁၇ | သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ | ၄၇ |
| | ဇယား ၁၈ | သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ | ၄၈ |
| | ဇယား ၁၉ | မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ | ၄၉ |
| | ဇယား ၂၀ | မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ | ၅၀-၅၁ |
| | ဇယား ၂၁ | မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက် ပြဿနာနှင့်စိန်ခေါ်မှုများ | ၅၂-၅၃ |
| | ဇယား ၂၂ | စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ အတွက်အခွင့်အလမ်းများ | ၅၄-၅၅ |
| | ဇယား ၂၃ | စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့်အခက်အခဲများ | ၅၅-၅၆ |
| | ဇယား ၂၄ | ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်လာပုံ၊ပုံစံနှင့်အချိန်ကာလ | ၅၆-၅၇ |
| | ဇယား ၂၅ | ရွှေ့ပြောင်းသွားလာရခြင်း၏အဓိကအကြောင်းအရင်း | ၅၇ |
| | ဇယား ၂၆ | ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ | ၅၇-၅၈ |
| | ဇယား ၂၇ | ကုန်စည်နှင့်ဝန်ဆောင်မှု၊ဈေးကွက်လက်လှမ်းမီမှုအခြေအနေ | ၅၈-၅၉ |
| | ဇယား ၂၈ | ငွေကြေးလက်လှမ်းမီမှုနှင့်ဘဏ်လုပ်ငန်း | ၅၉-၆၀ |
| | ဇယား ၂၉ | ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များစီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့်အခက်အခဲများ | ၆၁ |
| | ဇယား ၃၀ | ပညာရေးနှင့်စာတတ်မြောက်မှု | ၆၂ |
| | ဇယား ၃၁ | ကျောင်းတက်နှုန်း | ၆၂ |

| | | |
|---|---|---|
| ဇယား ၃၂ | စာသင်ကျောင်းဆောင်အခြေအနေနှင့်ဝန်ဆောင်မှုများ | ၆၃-၆၄ |
| ဇယား ၃၃ | ပညာရေးအခက်အခဲနှင့်ပြဿနာများ | ၆၄ |
| ဇယား ၃၄ | အဖြစ်များသော ရောဂါများ | ၆၄-၆၅ |
| ဇယား ၃၅ | လွန်ခဲ့သော(၁၂)လအတွင်းကာကွယ်ဆေးထိုးနှံမှု | ၆၅-၆၆ |
| ဇယား ၃၆ | ကျန်းမာရေးအထောက်အပံ့နှင့်ဝန်ဆောင်မှုများ | ၆၆ |
| ဇယား ၃၇ | သောက်သုံးရေရရှိမှု | ၆၇-၆၈ |
| ဇယား ၃၈ | အိမ်သာအမျိုးအစား | ၆၈ |
| ဇယား ၃၉ | ကျား၊ မရေးရာ | ၆၉ |
| ဇယား ၄၀ | ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ | ၇၀ |
| ဇယား ၄၁ | ကျေးရွာ၏ တံတားတည်ရှိမှု | ၇၁ |
| ဇယား ၄၂ | ရေကြောင်း သယ်ယူပို့ဆောင်ရေး | ၇၂ |
| ဇယား ၄၃ | သယ်ယူပို့ဆောင်ရေးယာဉ်များ | ၇၂ |
| ဇယား ၄၄ | လျှပ်စစ်မီးရရှိမှု အခြေအနေ | ၇၃ |
| ဇယား ၄၅ | ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်ဆိုင်ရာနည်းပညာ အခြေအနေ | ၇၃ |
| ဇယား ၄၆ | ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေ | ၇၄ |
| ဇယား ၄၇ | ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု | ၇၄-၇၅ |
| ဇယား ၄၈ | မူခင်းဖြစ်ပွားမှု အခြေအနေ | ၇၅ |

**ကိုးကားစာရင်း** ၇၆


အတိုကောက်စကားလုံးများ

| | |
|---|---|
| AIDS | ခုခံအားကျဆင်းမှုရောဂါ |
| DRD | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| HIV | ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ် |
| MADB | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| MEB | မြန်မာ့စီးပွားရေးဘဏ် |
| MMK | မြန်မာကျပ် |
| MoALI | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| PRA | ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း |
| SLRD | ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန |
| STD | လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ |
| PTA | မိဘဆရာအသင်း |
| TB | တီဘီရောဂါ |
| VDG | ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ |

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈/၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၃ ခုနှစ် အထိ (၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများ ပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက် ရေးအတွက်လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှ စီစဉ်ဆောင်ရွက်ပေးပါသည်။ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှ လည်း ကောက်ယူရရှိခဲ့ပါသည်။ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက် လာသည့် အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်း အစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို

အဓိကဖော်ပြထားပါသည်။အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

ဩဂုတ်လ၊ ၂၀၁၈ ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ဘုရားကုန်းကျေးရွာ
ဟသ်ာတမြို့နယ်

ဟသာတမြို့နယ်၊ ဘုရားကုန်းကျေးရွာအုပ်စုဘုရားကုန်း(ရွှေပိုင်း)ကျေးရွာသယံဇာတပြမြေပုံ



# ဘုရားကုန်းကျေးရွာ ရာသီခွင်ပြပြက္ခဒိန်မြေပုံ၊ ဟသ်ာတမြို့နယ်

| စဉ် | အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ် တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ရာသီဥတုအခြေအနေ |  |  |  |  |  |  |  |  |  |  |  |  |
| ၂ | လယ်/ယာစိုက်ပျိုးရေး | - | - | - | - | - | - | - | - | - | - | - | - |
| ၃ | အသုံးစရိတ် | နည်း | များ | များ | အလွန်များ | များ | နည်း | များ | များ | များ | နည်း | များ | များ |
| ၄ | ချေးငွေလိုအပ်မှု | နည်း | များ | များ | များ | များ | နည်း | များ | နည်း | နည်း | နည်း | နည်း | နည်း |
| ၅ | ဝမ်းစာဖူလုံမှု | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ |
| ၆ | သောက်သုံးရေဖူလုံမှု | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ |
| ၇ | တိရစ္ဆာန်အစာ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ |
| ၈ | တိရစ္ဆာန်ရောဂါဖြစ်ပွားမှု | နည်း | နည်း | များ | များ | နည်း | နည်း | နည်း | နည်း | နည်း | များ | များ | များ |
| ၉ | ပွဲတော် | သင်္ကြန်ပွဲ | ညောင်ရေသွန်းပွဲ | မရှိ | မရှိ | မရှိ | မရှိ | မီးထွန်းပွဲ | မရှိ | မရှိ | မရှိ | မရှိ | မရှိ |
| ၁၀ | သဘာဝဘေးအန္တရာယ် | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ |

ဘုရားကုန်းကျေးရွာ အဖွဲ့အစည်းပြမြေပုံ



# အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

## ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်သစ် ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင်တက်ကြွစွာပါဝင်၍ရေးဆွဲခဲ့ပါသည်။ယခင်ကဖွံ့ဖြိုးရေး အစီအစဉ် ရေးဆွဲခြင်း အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကိုရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင်ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကိုသိရှိစေရန် မျှော်လင့်ပါသည်။

**နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု**

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင် မည်ဖြစ်သည်။

မီဒီယာများ၊ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့်ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်း ဆောင်ရွက်မှုပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

## ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကိုအခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကိုလူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာ ဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့်အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့်စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ (က)တည်နေရာ၊ရာသီဉတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် ဟသ်ာတမြို့နယ်၏ အနောက်ဘက်(၇)မိုင်ခန့် အကွာတွင်တည်ရှိသည်။ ကျေးရွာ၏ အနောက်ဘက်တွင် အင်္ဂပူမြို့ရှိပြီး (၂၁)မိုင်ခန့်ကွာဝေးသည်။ရွာ၏အနောက်တောင်

ဘက်တွင် လေးမျက်နှာမြို့တည်ရှိသည်။ဘုရားကုန်းကျေးရွာသည် မြစ်ဝကျွန်းပေါ်ဒေသဖြစ်သော ကြောင့် မိုးရွာသွန်းမှုများသောဒေသဖြစ်သည်။အမြင့်ဆုံးအပူချိန်မှာ (၄၂.၈ °C)နှင့် အနိမ့်ဆုံး အပူချိန်မှာ(၉ °C)ဖြစ်ပါ သည်။တစ်နှစ်ပျမ်းမျှနှုန်း မိုးရွာသည့်ရက်မှာ (၁၀၇)ရက် ဖြစ်ပါသည်။ မိုးရေချိန်မှာ(၉၃.၉၇") ဖြစ်ပါသည်။မိုးရွာသွန်းမှုအများဆုံးကာလမှာ ဇူလိုင်လနှင့်ဩဂုတ်လများ ဖြစ်ပါသည်။

ဘုရားကုန်းကျေးရွာသည် ဘုရားကုန်းအုပ်စုတွင်ပါဝင်ပြီး မြစ်ဝကျွန်းပေါ်ဒေသဖြစ်ပါသည်။ ပတ်ဝန်းကျင်ကျေးရွာများမှာဒါးကရိုး၊ကျွန်းတဲ၊ရွာမ၊မာဃ၊ကော်ဇံရွာများဖြစ်သည်။

၎င်းကျေးရွာသည် ကုန်အရောင်းအဝယ်နှင့် ခြံလုပ်ငန်းကို အဓိကထားလုပ်ကိုင်ကြသည်။ နွေရာသီတွင် စိုက်ပျိုးရေးနှင့်သောက်ရေအတွက် အဝီစီတွင်းများကို အသုံးပြုပါသည်။

**(ခ) သဘာဝအရင်းအမြစ်**

ကျေးရွာတွင်သဘာဝဆေးဘက်ဝင်အပင်များဖြစ်သည့်ရှားစောင်းလက်ပတ်၊လောက်သေရွက်၊ ဆင်တုံးမနွယ်၊ခွေးသေးပန်းပင်၊ကြိတ်မှန်ရွက်၊ရဲယိုရွက် စသည့်အပင်တို့ ပေါက်ရောက်သောကြောင့် ကျန်းမာရေးအတွက် အပင်များပေါက်ရောက်သည့် ဒေသလည်းဖြစ်ပါသည်။ စိုက်ပျိုးမြေသဘာဝ အရင်းအမြစ်နှင့် မြေအောက်ရေ စသည်တို့မှလွဲ၍ အခြားသဘာဝအရင်းအမြစ်တို့ မရှိပါ။

**၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**

**(က)လူဦးရေဆိုင်ရာအချက်အလက်များ**

အိမ်ထောင်စုပေါင်း(၁၄၀)စုနှင့် ကျား(၂၃၃)၊မ(၂၃၁)ဦး လူဦးရေပေါင်း(၄၆၄)ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၃.၃)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း ၅ ဦးထက် လျော့နည်းသည်။ကျေးရွာတွင် ဗမာလူမျိုးများနေထိုင်ကြပြီး အလုပ်လုပ်နိုင်သည့်အရွယ်သည် ကျေးရွာရှိ လူဦးရေအားလုံး၏ ၇၅%ရှိပြီး အမျိုးသမီးနှင့် အမျိုးသားအရေအတွက်မှာ အချိုးညီမျှမှု ရှိသဖြင့် အမျိုးသားများနှင့်အတူအမျိုးသမီးများပါ လုပ်ကိုင်နိုင်သည့်အလုပ်များကို ထည့်သွင်း စဉ်းစားပြီး အလုပ်အကိုင်များကို ဖန်တီးပေးနိုင်ပါက လူ့စွမ်းအားအရင်းအမြစ်ကို ထိရောက်စွာ အသုံးချနိုင်ပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် ပိုမိုအထောက်အအကူပြုစေနိုင်ပါမည်။

**(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု**

ဥစ္စာခနအဆင့်သတ်မှတ်ချက်အရ ကျေးရွာအိမ်ထောင်စု၏ (၇၉%)နီးပါးမှာ မပြေလည်သော အိမ်ထောင်စုများဖြစ်ပါသည်။အဆင်ပြေသောအိမ်ထောင်စုမှာ ပျမ်းမျှအားဖြင့် လယ်(၅)ဧကအထက် ပိုင်ဆိုင်ကြပြီး လယ်ယာသုံးစက်ကိရိယာများပိုင်ဆိုင်မှုရှိကာ အိမ်အခြေအနေကောင်းမွန်ပါသည်။ အလယ်အလတ်ရှိသော အိမ်ထောင်စုတွင် အိမ်အသင့်အတင့်ပိုင်ဆိုင်မှုရှိပြီး ခြံမြေအသင့်အတင့် ရှိကြပါသည်။ ဆင်းရဲသော အိမ်ထောင်စုများနှင့် အလွန်ဆင်းရဲသောအိမ်ထောင်စုများတွင် ကောင်းမွန်သော အိမ်ခြေမရှိခြင်း၊ လယ်ယာမြေ အနည်းငယ်(သို့) ပိုင်ဆိုင်မှုမရှိခြင်းတို့ကြောင့် နေ့စား၊ ကျပန်း အလုပ်တို့ဖြင့် ရပ်တည်နေရပါသည်။

### (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင်ဆင်းရဲနွမ်းပါးသော အိမ်ထောင်စု(၃၀)စု ရှိသည့်အနက် (၁၀)အိမ်ထောင်စုမှာ (၃)လ အောက်ချေးငှားခြင်းမပြုဘဲ ထမင်းနပ်မှန်အောင်စားနိုင်ပြီး (၉)အိမ်ထောင်စုမှာ (၃)လမှ (၅)လအထိ ဝမ်းစာ ဖူလုံမှုရှိပါသည်။အိမ်ထောင်စု(၂၁)စုမှာ (၆)လနှင့်အထက် ချေးငှားခြင်းမပြုဘဲ ထမင်းနပ်မှန်အောင်စားနိုင်ပါသည်။၎င်းတို့သည် လုပ်အားခ ကြိုတင်ယူခြင်း၊ ဆွေမျိုးမိတ်ဆွေများ နှင့် ငွေတိုးချေးစားသူများထံမှ ကြွေးယူခြင်းတို့အပြင် အခြားဒေသများသို့ သွားရောက် လုပ်ကိုင်သူ များ ထံမှပြန်ပို့ငွေများဖြင့် စားနပ်ရိက္ခာဖူလုံရန် ရပ်တည် နေကြရပါသည်။ငွေကြေးအရင်းအနှီးများ မပြည့်စုံသောကြောင့် ဆင်းရဲသောလူတန်းစားများမှာ ထိခိုက်မှု များ ရှိနေပါသည်။

### (ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ကျန်းမာရေးချို့တဲ့မှုများရှိလာပါက ကျေးရွာအနီးအနားရှိ ကျေးလက် ဆေးပေးခန်းသို့ သာမာန်အဖျားရောဂါများ သွားရောက်ကုသနိုင်သော်လည်း၊ အရေးပေါ်ကိစ္စရပ် များကိုမူ(၇)မိုင်ကွာဝေးသော ဟသ်ာတမြို့ပေါ်ရှိပြည်သူ့ဆေးရုံသို့ သွားရောက်၍ကုသကြပါသည်။ ကျန်းမာရေးစောင့်ရှောက်မှုအတွက် သွားလာရေးအခက်အခဲမှာ လမ်းကြမ်းပါသည်။၎င်းကျေးရွာ တွင် လက်နှိပ်တုံကင်ပေါင်း(၁၂၀)လုံးရှိပြီး သောက်သုံးရေဖူလုံမှုရှိပါသည်။

### (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာရှိအထက်တန်းကျောင်းတွင် ကျောင်းသားဦးရေ (၅၇၀)နီးပါးနှင့် မူလတန်း ကျောင်းတွင် ကျောင်းသားဦးရေ(၃၅၀)နီးပါး ရှိပါသည်။ကျောင်းအကျိုးတော်ဆောင်(၂၀)ဦးနှင့် မိဘဆရာအဖွဲ့များသည် ကျောင်းလိုအပ်ချက်များကို ပူးပေါင်းဆောင်ရွက်ကြသောကြောင့် ကျောင်း ပညာရေးအခြေအနေများအတွက် အခက်အခဲမရှိဆောင်ရွက်နိုင်ပါသည်။

ဘုရားကုန်းကျေးရွာတွင် အရောင်းအဝယ်လုပ်ငန်းနှင့် ခြံလုပ်ငန်းကိုအဓိကထား လုပ်ကိုင် ကြပါသည်။စပါးကိုမိုးရာသီတွင် စိုက်ပျိုးပြီး ကွမ်း၊သခွား၊ပဲသီး၊ရုံးပတီသီး၊ဘူးသီး စသည်တို့ကို သုံးရာသီလုံးစိုက်ပျိုးကြပါသည်။

မွေးမြူရေးအနေဖြင့် နွား၊ဝက်၊ကြက်၊ဆိတ်၊ဘဲ တို့ကို တစ်နိုင်တစ်ပိုင်မွေးမြူကြပြီး စီးပွားဖြစ် မွေးမြူရေးခြံများမရှိပါ။

စိုက်ပျိုးရေးမလုပ်သောအိမ်ထောင်စုများအနေဖြင့် အိမ်ဆိုင်၊အရောင်းအဝယ်၊နေ့စား၊ကျပန်း စသည့်အလုပ်တို့ လုပ်ကိုင်ကြပါသည်။

ထို့ပြင် ကျောင်းဆရာ/ဆရာမနှင့် အခြားအစိုးရဝန်ထမ်းများ၊ ဘွဲ့ရပညာတတ်များလည်း ရှိပါသည်။

### (စ) ကျားမဆိုင်ရာဆက်နွယ်မှု

ဘုရားကုန်းကျေးရွာတွင် အလုပ်လုပ်နိုင်သောလူဦးရေများအနက် အမျိုးသားဦးရေမှာ အမျိုးသမီးဦးရေထက် ပိုများပါသည်။စပါးစိုက်ပျိုးချိန်တွင် အမျိုးသားတစ်ဦးလျှင်(၄၀၀၀)ကျပ်ခန့်

ရရှိပါသည်။ကွမ်းခူး၊ကောက်စိုက်ချိန်တွင် အမျိုးသမီးတစ်ဦးလျှင် (၃၀၀၀)ကျပ်ခန့် ရရှိပါသည်။ ကျေးရွာ၏ အိမ်ထောင်စုပေါင်း(၄၀)ခန့် အလုပ်လုပ်ကိုင်ကြသည်။ကျေးရွာ၏ စာတတ်မြောက်မှုတွင်လည်း ပညာရေးအဆင့်အလိုက် အမျိုးသမီးဦးရေမှာ ပိုမိုများပြားပါသည်။ကျေးရွာ၏စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများပါဝင်မှု မရှိသော်လည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အမျိုးသမီးများ တက်ကြွစွာပူးပေါင်းပါဝင်ကြပါသည်။သို့သော်လည်းကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆုံးဖြတ်ပိုင်ခွင့်များတွင်မူ အမျိုးသမီးများ၏ အခန်းကဏ္ဍမှာ အားနည်းနေဆဲဖြစ်ပါသည်။ကျေးရွာတွင် အမျိုးသမီးများအတွက် သံသယဖြစ်ဖွယ်အကြမ်းဖက်မှု၊ တိုင်ကြားမှုများမရှိပါ။လူနေမှုအဆင့်အတန်း ခွဲခြားဆက်ဆံမှုမရှိဘဲ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုပြီး စည်းလုံးညီညွတ်စွာနေထိုင်သော ကျေးရွာတစ်ရွာဖြစ်ပါသည်။

## ၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့်ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန်များစွာ အထောက်အကူပြုနိုင်ပါသည်။

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ဘုရားကုန်းကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ကျေးရွာလမ်းကော်မတီ၊မိဘဆရာအသင်း ရပ်မိရပ်ဖ၊ ဂေါပက၊ကျောင်းအကျိုးတော်ဆောင်၊ပြည်သူ့စစ်အဖွဲ့တို့သည် ကျေးရွာ၏ သာရေးကိစ္စရပ်များကို ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် ပူးပေါင်းကာ ဆောင်ရွက်နေပါသည်။ ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လမ်းညွှန်ချက်ဖြင့် ကျေးရွ ဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ပူးပေါင်းပါဝင် ရွေးချယ် ဖွဲ့စည်း ခဲ့ကြပါသည်။၎င်းကော်မတီသည် ကျေးရွာ ဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော ဦးစားပေးလုပ်ငန်းများအား သက်ဆိုင်ရာ ဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

### (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ဘုရားကုန်းကျေးရွာတွင် တောင်သူများ၏ အဓိကစိုက်ပျိုးသီးနှံမှာ စပါးနှင့်ရာသီကုန်သီးနှံများပင်ဖြစ်ပါသည်။ဘုရားကုန်းတစ်အုပ်စုလုံးသည် မိုးရာသီတွင် စပါးဧက(၅၀၀)ကျော်ခန့် စိုက်ပျိုးကြပါသည်။မိုးစပါးစိုက်ခင်းအားလုံးအနက်အချို့မှာ အစေ့ကြဲစနစ်စိုက်ပျိုးပြီး အချို့မှာလက်စိုက်ခင်းများဖြစ်ပါသည်။လယ်ယာဖွံ့ဖြိုးရေးဘဏ်မှပံ့ပိုးသော စိုက်ပျိုးရေးချေးငွေများမှာ စိုက်ပျိုးစရိတ်နှင့်ဓါတ်မြေဩဇာစရိတ်ကို အထောက်အကူပြုပါသည်။

ကွမ်းစိုက်ပျိုးခြင်းနှင့်အခြားသီးနှံများစိုက်ပျိုးခြင်းတို့ကို လယ်အလုပ်နှင့် တွဲဖက်လုပ်ကိုင်ကြပါသည်။စိုက်ပျိုးရေးကိုအဓိကထားလုပ်ကိုင်သောကြောင့် ကြက်၊ဘဲ၊ဝက်၊နွားတို့ကို တစ်နိုင်တစ်ပိုင်သာမွေးမြူကြပါသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ဘုရားကုန်းကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားလုပ်ငန်းများမှာ အိမ်ဆိုင်၊ အရောင်းအဝယ်၊ ပန်းရံ ၊လက်သမား၊ ဆိုင်ကယ်ပြင်ဆိုင် စသည်တို့ဖြစ်ကြပါသည်။နေ့စားလုပ်ကိုင်ကြသူများမှာလည်း ပန်းရံဆင်း၊ ကုန်ထမ်း၊ လယ်ထဲဆင်း၊ ခြံထဲဆင်းနှင့် အခြားလုပ်ငန်းများ လုပ်ကိုင်ကြပါသည်။တစ်နေ့လျှင် ကျား(၄၀၀၀)နှင့် မ(၃၀၀၀)ခန့်ရရှိပါသည်။

## (ဃ) သဘာဝပတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

ဘုရားကုန်းကျေးရွာ၏စိုက်ပျိုးရေးတွင် သဘာဝမြေဩဇာများကို အသုံးပြုမှုနည်းပါးလာပြီး ဓါတုမြေဩဇာများ၊ဓါတုပိုးသတ်ဆေးများကိုလိုအပ်သည်ထက်ပိုမိုအသုံးပြုလာသောကြောင့် စိုက်ပျိုးမြေများမှာ မြေဆီဩဇာများ ခမ်းခြောက်လာပြီး မြေဆီလွှာခမ်းခြောက်မှုများ ဖြစ်ပေါ်လာပါသည်။ မြေဆီလွှာပျက်စီးလာမှုကြောင့် သဘာဝဆေးဘက်ဝင်အပင်များလည်း ရှားပါးလာကာ အပင်များအတွက် ရောဂါကာကွယ်ထိန်းချုပ်မှု အားနည်းလာသောကြောင့် ဖျက်ပိုးများကျရောက်မှုရှိနေပါသည်။

ယခုအခါ လူငယ်များသည် စိုက်ပျိုးရေးသင်တန်းကျောင်းများမှ အသိပညာများရရှိလာကာ ကျေးရွာအတွင်းသို့ အသိပညာများပေးလျက်ရှိပါသည်။ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ရေဒီယို၊တီဗွီတို့မှသိရှိရပါသည်။

ကျေးရွာလုံခြုံရေးအတွက် အရန်မီးသတ်တပ်ဖွဲ့၊ အုပ်ချုပ်ရေးမှူးနှင့်ပြည်သူ့စစ်အဖွဲ့၊ ကျေးရွာလူငယ်များအဖွဲ့မှတက်ကြွစွာပါဝင်ကြပါသည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် သမဝါယမဦးစီးဌာနတို့သည် ငွေချေးရန်အရင်းအမြစ်များဖြစ်ပါသည်။မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ လယ်သမားများသာ ထုတ်ချေးပြီး လယ်တစ်ဧကလျှင်(၁၅၀၀၀၀) ထုတ်ချေးပေးပါသည်။အများဆုံးထုတ်ချေးငွေမှာ(၁၅၀၀၀၀)ကျပ် ဖြစ်ပါသည်။ အတိုးနှုန်းမှာ (၀.၈)တိုးဖြစ်ပြီး လတိုးဖြစ်ပါသည်။ထုတ်ချေးသည့်ကာလမှာ (၇)လဖြစ်ပါသည်။ တောင်သူများအနေဖြင့် လုံလောက်သောချေးငွေမရရှိသဖြင့် အပြင်လုပ်ငန်းရှင်များထံမှ ငွေတိုးချေးယူ သုံးစွဲရပါသည်။

သမဝါယမအဖွဲ့မှ ငွေထုတ်ချေးသည့်အစီအစဉ်မှာ အဖွဲ့ဝင်ဖြစ်လျှင် ထုတ်ချေးနိုင်ပါသည်။ အဖွဲ့ဝင်ဖြစ်လျှင်(၅၀၀၀)ကျပ်စုရသည်။စိုက်ပျိုးရေးနှင့်ကျပန်းဟူ၍ ငွေထုတ်ချေးသည့်ပုံစံ (၂)မျိုးရှိပါသည်။အတိုးနှုန်းမတူပါ။ငွေပမာဏမှာ တစ်ဦးလျှင်ပထမအကြိမ်တွင်(၁၀၀၀၀၀)ကျပ် ထုတ်ချေးနိုင်ပါသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ဘုရားကုန်းကျေးရွာရှိ (ခွဲ-အ.ထ.က) အထက်တန်းကျောင်းဆောင်မှာ (၃၀၀'×၆၀'×၃၀') ရှိသော တစ်ထပ်ကျောင်းဆောင်ဖြစ်ပြီး ဆောက်လုပ်ဆဲကျောင်းဆောင်များလည်း ရှိပါသည်။

ကျောင်းတွင် အစိုးရခန့် ဆရာ၊ဆရာမ(၂၃)ဦး ကျောင်းဆရာ(၅)ဦး၊ဆရာမ(၁၈)ဦး ရှိပြီး ကျောင်းသားဦးရေမှာ (၅၇၀)ရှိပါသည်။

ကျောင်းသား၊ကျောင်းသူများအတွက် လက်ရှိသောက်သုံးရေအတွက် စက်တွင်းနှင့်မိုးရေကန် ရှိပြီး ရေသန့်စက်ပြုလုပ်ရန် အစီအစဉ်ရှိသော်လည်း ငွေကြေးအခက်အခဲရှိနေပါသည်။

ကျေးရွာတွင်ကျန်းမာရေးအတွက် ကာကွယ်ဆေးထိုးနှံမှုများ လစဉ်ကျန်းမာရေးဝန်ဆောင်မှု များကို ကျန်းမာရေးဝန်ထမ်းများမှ ထိုးနှံပေးသောကြောင့် ကလေးများနှင့် ကိုယ်ဝန်ဆောင် မိခင်များမှာ ဖြစ်ပေါ်တတ်သောရောဂါများ ကင်းဝေးကြပါသည်။

သာမာန်အဖျားများအတွက် ကျေးလက်ကျန်းမာရေးဌာနတွင် ပျောက်ကင်းသော်လည်း ဆိုးဝါးသောရောဂါများနှင့် မတော်တဆဖြစ်မှုများအတွက် ကျေးရွာနှင့်(၇)မိုင်ကွာဝေးသော ဟင်္သာတ မြို့သို့သွားရောက်ကုသရပါသည်။ထိုသို့သွားရောက်ကုသရာ၌ မိုးရာသီတွင် အခက်အခဲရှိပါသည်။ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာပါက ကျန်းမာရေးအတွက်သာမက ကုန်စည် စီးဆင်းမှု ပိုမိုမြန်ဆန်လာမှာဖြစ်ပြီး စီးပွားရေးအခွင့်အလမ်းကောင်းများနှင့် အလုပ်အကိုင် များ ရရှိလာမှာဖြစ်ပါသည်။

ဘုရားကုန်းကျေးရွာတွင် မီးသတ်ရေကန်(၂)ကန်ရှိပါသည်။ သောက်သုံးရေအတွက် စက်တွင်း များမှ ရရှိပြီး ရေအလွန်ကောင်းသောရွာတစ်ရွာဖြစ်ပါသည်။

## (ဆ)လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များမှာ ကျေးရွာ၏သာရေး၊နာရေး၊ဘာသာရေးတို့တွင် ပါဝင်ဆောင်ရွက်ကြပါသည်။ ယခက်ကထဲက ဖွဲ့စည်းခဲ့သော ဝတ်အသင်းအား ယနေ့အချိန်လူငယ်များအထိ ဆက်လက် တည်ရှိ နေပါသည်။လူငယ်များအတွက် အားကစားတွင်စိတ်ဝင်စားလာစေရန် ရပ်ကွက်ဘောလုံးပွဲ များကိုလည်း နှစ်စဉ်ပြုလုပ်ပေးပါသည်။

လူငယ်များကျေးရွာ သာရေး၊နာရေး၊ဘာသာရေးများတွင် ပါဝင်သော်လည်း ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းတွင် ပါဝင်မှုအားနည်းနေပါသည်။ကျေးရွာမှလူကြီးများ၏ လက်တွဲခေါ်ယူမှု ကလည်း လိုအပ်နေပါသည်။လူငယ်အဖွဲ့စနစ်တကျ ဖွဲ့စည်းရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ပေးရန် အဆိုပြုကြပါသည်။

## (ဇ) အခြေခံ အဆောက်အဦး - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ဘုရားကုန်းကျေးရွာလမ်းသည် ၂၀ ခုနှစ်၌ အကျယ်( )ပေ၊ထု( )လက်မ၊ အရှည် (၁၅၀၀)ပေနှင့် အကျယ်( )ပေခန့်ရှည်သော ကျေးရွာကွန်ကရစ်လမ်းကို ခင်းခဲ့ပါသည်။ ဘုရားကုန်းကျေးရွာတွင် သယ်ယူပို့ဆောင်ရေးကဏ္ဍ၌ မြန်မာ့မီးရထားနှင့် ကားလမ်းတို့ကို ရာသီအလိုက် အသုံးပြုကြပါသည်။ကျေးရွာအတွင်း ထော်လာဂျီ၊ သုံးဘီးဆိုင်ကယ်၊ ဆိုင်ကယ်၊ စက်ဘီး စသည်တို့နှင့် အဆင်ပြေသလိုသုံးစွဲနေကြပါသည်။

## (ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ဘုရားကုန်းကျေးရွာသည် မိသားစုကဲ့သို့ပင် စည်းစည်းလုံးလုံးနေထိုင်ကြပြီး ပြဿနာကြီးကြီးမားမား ဖြစ်လေ့ဖြစ်ထနည်းပါးပါသည်။ဘုန်းတော်ကြီးများ၏ဆုံးမမှု၊ လူကြီးမိဘများ၏ ဆုံးမမှုဖြင့် အေးချမ်းသာယာစွာနေထိုင်ပါသည်။ယခင်က အမှုအခင်းအနည်းငယ်ရှိခဲ့သော်လည်း ၂၀၁၈ခုနှစ်မှစ၍ မရှိတော့ပါ။ကျေးရွာတည်ငြိမ်အေးချမ်းရေးအတွက် ကျေးရွာရပ်မိရပ်ဖ၊ ဆယ်အိမ်မှူး၊ ရာအိမ်မှူး၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာလူငယ်အပေါင်းတို့က စုပေါင်းဆောင်ရွက်ပါသည်။

## ၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

## (က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

ဘုရားကုန်းကျေးရွာတွင် အလုပ်လုပ်နိုင်သောလူဦးရေစုစုပေါင်းမှာ ကျေးရွာလူဦးရေ၏ (၄၅%)ရှိပါသည်။ထို့အပြင် တက္ကသိုလ်ဘွဲ့ရများလည်း ရှိပါသည်။လူကြီး၊လူငယ် လက်တွဲပြီး ကောင်းမွန်စွာ တိုင်ပင်ညှိနှိုင်းလုပ်ဆောင်ကြသော အလေ့အထကောင်းများကလည်း အနာဂတ်ကာလများအတွက် အားရဖွယ်ရာပင်ဖြစ်သည်။

ဘုရားကုန်းကျေးရွာသည် စိုက်ပျိုးရေးနှင့်အရောင်းအဝယ်ကိုအခြေခံပြီး စီးပွားရေးလုပ်ကိုင်ကြသောကြောင့် ကွမ်းစိုက်ပျိုးခြင်း၊ ဈေးရောင်းခြင်း၊ ရာသီပေါ်သီးနှံစိုက်ပျိုးခြင်းများ လုပ်ကိုင် ဆောင်ရွက်ကြသော်လည်း လမ်းပန်းဆက်သွယ်ရေးမကောင်းမွန်သောကြောင့် သွားလာဆက်သွယ်ရေးခက်ခဲပါသည်။

ဘုရားကုန်းကျေးရွာရှိ မူလတန်းကျောင်းနှင့် အထက်တန်းကျောင်း(ခွဲ) ကျောင်းများမှ ကျောင်းသား၊ကျောင်းသူများအတွက် သင့်တော်သောဆရာလုံလောက်မှုရှိသည့်အပြင် မိဘဆရာ အသင်းသည် စစည်းတက်ကြွစွာဖြင့် လိုအပ်ချက်များကို ပူးပေါင်းဆောင်ရွက်နိုင်သောကြောင့် မူလတန်းကျောင်းမှ အထက်တန်းကျောင်း(ခွဲ)အဆင့် ပညာရေးအတွက် ကောင်းမွန်သော အလားအလာများဖြစ်ပါသည်။ထို့အပြင် ဘုရားကုန်း အ.ထ.က(ခွဲ)ကျောင်းနှင့် ကျေးရွာအကွာအဝေးမှာ ပေ(၃၀၀၀)ရှိသောကြောင့် သွားလာရေး အဆင်ပြေပါသည်။မြို့နယ်ပြည်သူ့ဆေးရုံနှင့်(၇)မိုင် ကွာဝေးပြီး တလုတ္တော်မြို့ဆေးရုံနှင့် (၃)မိုင်၊ ဓမ္မိဆေးရုံနှင့် (၅)မိုင်ကွာဝေးပါသည်။မည်သည့် ဆေးရုံမဆို ကားလမ်းနှင့်တစ်သွယ် ရထားနှင့်တစ်ဖုံ၊ဆိုင်ကယ်နှင့်တစ်သွယ် အလွယ်တကူသွားလာ နိုင်ပါသည်။

## (ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

### (၁) စိုက်ပျိုးရေး

ဘုရားကုန်းကျေးရွာတွင် ကွမ်းပင်စိုက်ပျိုးခြင်း၊ ရာသီပေါ်သီးနှံစိုက်ပျိုးခြင်းနှင့် တစ်ပိုင်တစ်နိုင်စိုက်ပျိုးခြင်းများ လုပ်ကိုင်ကြပါသည်။

**(၂) မွေးမြူရေးနှင့်ရေလုပ်ငန်း**

ဘုရားကုန်းကျေးရွာတွင် ကြက်၊ဝက်၊ဘဲ၊ဆိတ်များကို တစ်ပိုင်တစ်နိုင် မွေးမြူကြပြီး ရေလုပ်ငန်း လုပ်ကိုင်ခြင်းမရှိပါ။

**(၃) ပညာရေး**

ဘုရားကုန်းကျေးရွာ၏အရှေ့ဘက်တွင် အထက်တန်းကျောင်း(ခွဲ)၊အနောက်ဘက်တွင် မူလတန်းကျောင်းတို့ရှိပြီး သွားလာရေးအဆင်ပြေကာ ပညာရေးနှင့်ပတ်သက်၍ အစစအရာရာ အဆင်ပြေပါသည်။

**(၄) ကျန်းမာရေး**

ဘုရားကုန်းကျေးရွာတွင် ကျန်းမာရေးနှင့်ပတ်သက်၍ ဟသ်ာတပြည်သူ့ဆေးရုံသို့ လည်းကောင်း၊တလုတ္တော်ဆေးရုံသို့ လည်းကောင်း သွားရောက်ကုသနိုင်ပါသည်။ကျေးရွာ၌ ကိုယ်ထူကိုယ်ထ ဆေးပေးခန်းရှိပြီး ကျန်းမာရေးဝန်ထမ်းမရှိသောကြောင့် အနည်းငယ်အခက်အခဲ ရှိပါသည်။

## ၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

ကျွန်ုပ်တို့ဘုရားကုန်းကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ပန်းတိုင်မှာ ယေဘုယျအားဖြင့် လူမှုအဆင့်အတန်းမြင့်မားရေးအတွက် လုပ်ကိုင်ဆောင်ရွက်ရန်ဖြစ်ပါသည်။ထို့ကြောင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကွင်းဆင်းအဖွဲ့ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ ရေးဆွဲပြီးဖြစ်ပါသည်။၎င်းပန်းတိုင်အတွက် အကောင်အထည်ဖော်ရေးစီမံကိန်းများ ရေးဆွဲထားပါသည်။

**(က) ဖွံ့ဖြိုးရေးပန်းတိုင်**

ကျေးလက်ဒေသဖွံ့ဖြိုးရေးပန်းတိုင်များတွင် ကျေးရွာသူ၊ကျေးရွာသားများ ဝင်ငွေတိုးတက်ရေး၊ တစ်ဦးချင်းစွမ်းရည်တိုးတက်ရေးတို့အပြင် ပညာရေးကိုအလေးထားပြီး ကလေးများနှင့် လူငယ်များအတွက် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေမည့် ရည်မှန်းချက်များကိုလည်း (၂၀၁၈ မှ ၂၀၂၃ )၅ နှစ်တာကာလအတွင်း အောက်ပါအတိုင်းရိုးရှင်းစွာ ချမှတ်ထားပါသည်။

(က.၁) ရွာလူထုသည် မွေးမြူရေးနှင့် ရောင်းဝယ်ဖောက်ကားခြင်းလုပ်ငန်းများဖြင့် ဝင်ငွေတိုးတက်စေရမည်။

(က.၂) လူငယ်များအား ပညာတတ်မြောက်မှုကို ပိုမိုတိုးတက်စေခြင်းနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များ ကျွမ်းကျင်မှုရှိစေပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာစေပြီး စီးပွားရှာဖွေနိုင်စွမ်းနှင့် ဝင်ငွေတိုးမြင့်လာစေရမည်။

(က.၃) ရွာလူထုသည် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန်၊ သန့်ရှင်းသောသောက်သုံးရေရရှိစေရန်နှင့် ကျေးရွာမီးလင်းရေးဆောင်ရွက်နိုင်ရမည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် စီမံကိန်းများကို အောက်ဖော်ပြပါ အကောင်အထည်ဖော်ရေး နည်းဗျူဟာများကျင့်သုံး၍ စနစ်တကျဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ၏ဖွံ့ဖြိုးရေးရည်မှန်းချက်များကို ရောက်ရှိမည်ဟု ယုံကြည်ပါသည်။

(ခ.၁) ကျေးရွာအတွင်းလမ်းများနှင့် ချဉ်းကပ်လမ်းများအား အဆင့်မြှင့်တင်ခြင်းများအတွက် သက်ဆိုင်ရာဦးစီးဌာနများ၊အကူအညီပေးမည့် အဖွဲ့အစည်းများနှင့်ချိတ်ဆက်ပြီး ကျေးရွာလူထုလုပ်အားပေါင်းစပ်ကာ လုပ်ဆောင်သွားပါမည်။

(ခ.၂) ကျေးရွာမီးလင်းရေးအတွက် လျှပ်စစ်ဓါတ်အားလိုင်းနှင့် ချိတ်ဆက်နိုင်ရန်အတွက် ကျေးရွာဆက်သွယ်ရေးလမ်းများကို သက်ဆိုင်ရာဦးစီးဌာနများနှင့်ပူးပေါင်းပြီး ပြုပြင်ဆောင်ရွက်သွားပါမည်။

**၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ**

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏အကြံပြုချက်အရ ဤအခန်းကို ပြုစုဖော်ပြထားပါသည်။ဖော်ပြပါအဖွဲ့အစည်းများသည် ဘုရားကုန်းကျေးရွာ၏ လိုအပ်ချက်များအား နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့် ထိုမှတဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကိုပေးနိုင်ပါသည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း**

ဤကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲနိုင်ရန် နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။အနာဂါတ်တွင်လည်း ရေရှည်တည်တံ့သည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟုမျှော်လင့်ပါသည်။ကျွန်ုပ်တို့ကျေးရွာသူ၊ ကျေးရွာသားများ၏ အားထုတ်လုပ်ကိုင်မှုများကို ပြန်လည်စိစစ်ခြင်းနှင့် ရွေးချယ်ခဲ့သောဦးစားပေးစီမံချက်များအား အချိန်မှန်ပြန်လည်သုံးသပ်ရန် ပြုပြင်ရေးဆွဲခြင်းစသည်တို့ ဆောင်ရွက်နိုင်ရန် အကူအညီဆက်လက်ရရှိမည်ဟု မျှော်လင့်ပါသည်။

**၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုအချိန်ကာလ**

စီမံချက်များသည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့အကောင်အထည်ပေါ်စေနိုင်မည့် နည်းဗျူဟာများအဖြစ်သို့ရောက်ရှိအောင် အောက်ခြေအထိလုပ်ကိုင် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ စီမံကိန်း(၅)နှစ်တာကာလကျော်လွန်ချိန်တွင် ဖော်ပြပါပန်းတိုင်များကို ပြီးမြောက်အောင်ဆောင်ရွက်နိုင်ရန် စီမံချက်များသည် ဖွံ့ဖြိုးရေးလိုအပ်ချက်များအဖြစ် မရှိမဖြစ်လိုအပ်ပါသည်။

**(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်**

ကျေးရွာလူထုသည် (၅)နှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည်။ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည်မဟုတ်ပေ။ (၅)နှစ်တာကာလအတွင်း ကျေးရွာတွင် လျှပ်စစ်မီးရရှိရန် ထပ်တိုးစီမံချက်လုပ်ဆောင်သွားမည်ဟု ရည်ရွယ်ထားပါသည်။ဖွံ့ဖြိုးရေးရည်မှန်းချက်မူဘောင်တွင် နှစ်အလိုက်အကောင်အထည်ဖော်ဆောင်ရွက်မည့် နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ပြင်ဆင်ရမည်ဖြစ်ပါသည်။

**(ခ)ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း**

စီမံကိန်း၊ စီမံချက်များနှင့် စီမံချက်ဆိုင်ရာအချက်အလက်များကို စီစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classification)ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများ အတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဘွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)သည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classification)− ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသောလုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification) တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

**(ဂ) ဦးစားပေးစီမံချက်များ**

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့်သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ယင်းလုပ်ငန်းများအနက် တက်ရောက်သူကျေးရွာသူ၊ကျေးရွာသားအုပ်စု(၅)စုထဲမှ (၁၀)ဦးက ဦးစားပေးရမည့်စီမံချက်များကို အမှတ်ပေးရပါမည်။အချို့သောစီမံချက်များကိုဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အထောက်အပံ့များကို မြို့နယ်အဆင့်အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝရရှိရန် လိုအပ်ပါသည်။

# ဦးစားပေးစီမံချက်များ

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | ဦးစားပေးအဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| *ကျေးရွာအဆောက်အအုံ* | | | | | |
| | ၁။ လမ်းပန်းဆက်သွယ်သွယ်ရေးတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ခြင်း | ၆၂ | ၁ | – ရွာတွင်းလမ်းချောင်းကျောက်ခင်းခြင်း။( ပေ ၃၃၀၀)<br>- Box Culvert (၁)ခုဆောက်လုပ်ခြင်း။ | ကျေးလက်ဦးစီး |
| *ပညာရေး* | | | | | သက်ဆိုင်ရာဌာန |
| စာသင်ကျောင်း | ၂။ ကလေးပျော်၍ဘက်စုံ တော်စေသည့် ကျောင်းအဖြစ် ဖန်တီး တည်ဆောက်ခြင်း၊ | ၇၂ | ၂ | –အရိပ်ရကစားကွင်းနေရာနှင့်ဆီးဆောဒန်း၊ ဘားဒန်း စသည်ဖြင့် စီမံထားရှိခြင်း၊<br>–ပုံစံဝင်သောကျောင်းဆောင်ဆောက်လုပ်ခြင်း၊ | |
| *စိုက်ပျိုးရေး* | | | | | |
| | ၃။ စိုက်ပျိုးရေးလုပ်ငန်းများမှ ဝင်ငွေတိုးတက်ရရှိရေး။ | ၇၂ | ၃ | - စိုက်ပျိုးရေးချေးငွေများလုံလောက်စွာရရှိနိုင်ရေး။<br>- လယ်ယာသုံးစက်ကိရိယာများဈေးနှုန်းသက် သာစွာဖြင့်ငှားရမ်းအသုံးပြုနိုင်ရေး။ | – |
| **ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု လုပ်ငန်း** | | | | | |
| ချေးငွေ | ၄။ ဘဏ်များ၊ ငွေကြေးဝန်ဆောင်မှုအဖွဲ့များနှင့်ချိတ်ဆက်ဆောင်ရွက် နိုင်ရန် စီစဉ်ခြင်း၊ | ၆၈ | ၄ | –ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ပြင်ပငွေကြေးအဖွဲ့အစည်းများနှင့်အကျိုးတူစီးပွား ရေး လုပ် ငန်းများ လုပ်ကိုင်နိုင်ရန် ဆောင်ရွက်ခြင်း။<br>ပြင်ပအဖွဲ့အစည်းများမှအတိုးနှုန်းသက်သာသော အရင်းအနှီးဆိုင်ရာချေးငွေများရရှိရန်ဆောင်ရွက်ခြင်း။ | |

| ကဏ္ဍ/ကဏ္ဍခွဲ | **စီမံချက်** | ရမှတ်ပေါင်း | ဦးစားပေးအဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| *ကျန်းမာရေး* | | | | | |
| | ၅။ ထိရောက်သည့် ကျန်းမာရေး ဝန်ဆောင်မှုရရှိရန် ဆောင် ရွက်ခြင်း | ၆၅ | ၅ | - ကျေးလက်ကျန်းမာရေး ဆိုင်ရာ အဆောက် အဦ ဆောက်လုပ်ခြင်း။<br>- အသုံးအဆောင် နှင့် ဝန် ထမ်း ဖွဲ့စည်းပုံအတိုင်း ရရှိအောင် တောင်းဆိုခြင်း၊ | |
| *လူငယ်ဖွံ့ဖြိုးရေး* | | | | | |
| | ၆။သက်မွေးဝမ်းကျောင်းနည်းပညာ သင်တန်းများ ပို့ချပေးခြင်း၊ | ၅၄ | ၆ | - အလုပ်အကိုင် အခွင့်အလမ်း ဖန်တီး ပေးခြင်း။ | |
| **စီမံအုပ်ချုပ်မှုစနစ်** | ၇။ ကျေးရွာအဖွဲ့အစည်းများစွမ်းရည်မြှင့်အစီအစဉ်များ လုပ်ဆောင်ခြင်း | ၅၀ | ၇ | - ခေါင်းဆောင်မှုစွမ်းရည် မြှင့်တင်ခြင်းသင်တန်း<br>- ငွေစာရင်းသင်တန်း<br>- အဖွဲ့အစည်းဆိုင်ရာသဘောတရားရေးရာသင် တန်း | – |
| *မွေးမြူရေး* | | | | | |
| | ၈။ မွေးမြူရေးဆိုင်ရာ ဝန်ဆောင်မှုများရရှိရန်ဆောင်ရွက်ခြင်း | ၄၀ | ၈ | –မွေးမြူရေးချေးငွေများပိုမိုရရှိရန် ဆောင်ရွက်ခြင်း။<br>–ခေတ်မီမွေးမြူရေးစနစ် များ လက်တွေ့ဆောင်ရွက်ခြင်း၊<br>- မွေးမြူရေးနည်းပညာသင်တန်းများ ပို့ချပေးခြင်း၊ | |

**(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ**

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့် ဦးစားပေး စီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

| စီမံချက် | အဆင့် | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ |
|---|---|---|---|---|---|---|
| ၁။ လမ်းပန်းဆက်သွယ်ရေးတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်း | ၁ | | ✔ | | | |
| ၂။ ကလေးပျော်၍ ဘက်စုံ တော်စေ သည့် ကျောင်း အဖြစ် ဖန်တီး တည် ဆောက်ခြင်း၊ | ၂ | | ✔ | | | |
| ၃။ စိုက်ပျိုးရေးလုပ်ငန်းများမှ ဝင်ငွေတိုးတက်ရရှိရေး။ | ၃ | | ✔ | ✔ | | |
| ၄။ ဘဏ်များ၊ ငွေကြေးဝန်ဆောင်မှု အဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက် နိုင်ရန် စီစဉ်ခြင်း၊ | ၄ | | | ✔ | ✔ | |
| ၅။ ထိရောက်သည့် ကျန်းမာရေး ဝန်ဆောင်မှုရရှိရန် ဆောင် ရွက်ခြင်း | ၅ | | | ✔ | ✔ | |
| ၆။ သက်မွေးဝမ်းကျောင်းနည်းပညာသင်တန်းများ ပို့ချပေးခြင်း၊ | ၆ | | | | ✔ | |
| ၇။ကျေးရွာအဖွဲ့အစည်းများစွမ်းရည်မြှင့်အစီအစဉ်များလုပ်ဆောင်ခြင်း | ၇ | | | | ✔ | |
| ၈။ မွေးမြူရေးဆိုင်ရာ ဝန်ဆောင်မှုများရရှိရန်ဆောင်ရွက်ခြင်း | ၈ | | | | ✔ | ✔ |

## ၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ (indicative)အဖြစ် ကိုးကားရန် ပမာဏသာဖြစ်ပါသည်။ အမှန်တကယ်လိုအပ်သော ဘတ်ဂျက်ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ကျေးရွာဖွံ့ဖြိုးရေးကော်မတီ သည် တချို့စီမံချက်များကိုရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ဝန်ဆောင်မှု ပေးသည့်လုပ်ငန်းများထံမှ ဘတ်ဂျတ်အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။(ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ လုပ်အား၊ သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန် စသည်)

စီမံချက်

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁ | လမ်းပန်းဆက်သွယ်သွယ်ရေးတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်း | | | √ | | |
| ၂ | ကလေးပျော်၍ ဘက်စုံ တော်စေသည့်ကျောင်း အဖြစ် ဖန်တီး တည်ဆောက်ခြင်း၊ | | | √ | | |
| ၃ | စိုက်ပျိုးရေးလုပ်ငန်းများမှ ဝင်ငွေတိုးတက်ရရှိရေး။ | | | √ | | |
